


**VOLUME IV, ISSUE 25** 20 November 2023

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား | ၁ |
| ၂ | ကုလသမဂ္ဂ၏ ဘက်လိုက်သော ဆုံးဖြတ်ချက်အဆိုအား မြန်မာကပယ်ချ | ၄ |
| ၃ | KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ ပညာရေးဆိုင်ရာအဆောက်အဦများအား တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအပေါ် ထုတ်ပြန်ကြေညာချက် | ၆ |
| ၄ | ဘဏ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်များ | ၈ |
| ၅ | ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသစွမ်းအင် ကြီးကြပ်မှုဆိုင်ရာဖိုရမ်သို့ တက်ရောက် | ၁၀ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ၂၀၂၃ ခုနှစ် ရပ်ဝန်းနှင့် ပိုးလမ်းမဘေးအန္တရာယ် လျှော့ချရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တက်ရောက် | ၁၁ |
| ၇ | "2nd Voice of Global South Summit (VOGSS 2.0)" သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Online ဖြင့် တက်ရောက် | ၁၂ |
| ၈ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ဖိုရမ် (၂၀၂၃) သို့ တက်ရောက် | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေ မွန်ဂိုလီးယားနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ် | ၁၄ |
| ၁၀ | လတ်တလော တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့် တပ်မတော်မှဆောင်ရွက်နေမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်များ | ၁၅ |
| ၁၁ | KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန် | ၁၇ |
| ၁၂ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတာဝန်အား ပြောင်းလဲခန့်အပ် | ၁၉ |
| ၁၃ | နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီများ ပုံမှန်ရောင်းချလျက်ရှိ | ၁၉ |
| ၁၄ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် (တောင်ပိုင်း)တို့တွင် Online မှတစ်ဆင့် ငွေကြေး လိမ်လည်မှုနှင့် လောင်းကစားမှုများ၌ ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသား များအား ဖော်ထုတ်ဖမ်းဆီးရမိ | ၂၂ |
| ၁၅ | မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ် | ၂၃ |
| ၁၆ | PDF အကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်း များ၊ Drop ဗုံးများပစ်ချတိုက်ခိုက် | ၂၄ |
| ၁၇ | ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရုတ်နိုင်ငံသား ၄ ဦးအနက် ၃ ဦးကို ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွှဲပြောင်း | ၂၅ |
| ၁၈ | ကယားပြည်နယ်အတွင်းရှိ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများပို့ဆောင်မည့် တရားခံများအား ဖမ်းဆီးရမိ | ၂၆ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒုတိယနိုင်ငံကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများလိုက်ပါ၍ နိုဝင်ဘာလ ၁၉ ရက်တွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကုတင် (၁၀၀၀) ရှိ အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုသမှုဌာန၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး စကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်-


- နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူလိုက်ပါလာသည့် ဒုတိယနိုင်ငံကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၁၁-၂၀၂၃)**


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညှိနှိုင်းကွပ်ကဲရေးမှူး( ကြည်း၊ ရေ၊ လေ) နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ နိုဝင်ဘာလ ၁၉ ရက်တွင်  နေပြည်တော်၊ တပ်မတော်ဆေးရုံကုတင် (၁၀၀၀) ရှိ အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုသမှုဌာန၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်နေမှု




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) တို့က အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်နေမှု




ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် စစ်ရေးချုပ်တို့က အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်နေမှု

# ကုလသမဂ္ဂ၏ ဘက်လိုက်သော ဆုံးဖြတ်ချက်အဆိုအား မြန်မာကပယ်ချ

နယူးယောက်မြို့၌ ကျင်းပနေသည့် (၇၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ၊ တတိယကော်မတီ၌ ကုလသမဂ္ဂ၏ ဘက်လိုက်သောဆုံးဖြတ်ချက်အဆိုသည် သိမ်းကျုံးစွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အချက်များကြောင့်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သော ဆုံးဖြတ်ချက်အဆိုများအပေါ် အစဉ်တစိုက်ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုတစ်ခုလုံးအား လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

## ထုတ်ပြန်ချက်

နယူးယောက်မြို့၌ ကျင်းပနေသည့် (၇၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM) နှင့် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာအထူးအစီရင်ခံစာ တင်သွင်းသူတို့၏ အစီရင်ခံစာများအပေါ် ပူးတွဲရှင်းလင်းဆွေးနွေးမှုများကို ၂၃-၁၀-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့သည်။ ထို့အပြင် “မြန်မာနိုင်ငံရှိ “ရိုဟင်ဂျာ” မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ” ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို သက်ဆိုင်ရာမြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိဘဲ ၁၅-၁၁-၂၀၂၃ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။

ကုလသမဂ္ဂနိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာရုံးမှ Assistant Secretary-General Mr. Khaled Khiari သည် ၎င်းအား လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းမရှိဘဲ အဆိုပါပူးတွဲဆွေးနွေးမှုတွင် ပါဝင်တင်ပြခဲ့သည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Thomas Andrews ကလည်း ၂၃-၁၀-၂၀၂၃ ရက်တွင်ပင် ၎င်း၏ ကျင့်ဝတ်နှင့် မညီရုံမျှသာမက ပညာရှင်မဆန်သော အစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံများထံ တင်ပြဆွေးနွေးခဲ့သည်။ IIMM ယန္တရားက စုဆောင်းခဲ့သည်ဟုဆိုသော သတင်းအချက်အလက် ၂၃ သန်း၏ တိကျမှန်ကန်မှုကို စိစစ်နိုင်ခြင်းမရှိဘဲ ၎င်းတို့ဘာသာလိုရာဆွဲ၍ ကောက်ချက်ချလျက်ရှိသည်။ “NUG” ဆိုသည့် အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုလျက်ရှိသော ကျော်မိုးထွန်းက မြန်မာနိုင်ငံ အမည်ခံ၍ ကုလသမဂ္ဂအစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ချက်များကို ကန့်ကွက်ကြောင်း မြန်မာနိုင်ငံမှ ကုလသမဂ္ဂဘက်သို့ စာပေးပို့အကြောင်းကြားပြီးဖြစ်သည်။

အီးယူနှင့် အိုအိုင်စီတို့က ၁၅-၁၁-၂၀၂၃ ရက်တွင် တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတွင် ယခင်အဆိုများနည်းတူ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာတချို့၏ အခြေအမြစ်မရှိသော စွပ်စွဲချက်များ ပါဝင်သည်။

ယင်းဆုံးဖြတ်ချက်အဆိုသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်မှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်၏ အကြောင်းရင်းနှင့် မြေပြင်အခြေအနေမှန်ကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားခဲ့သည်။ စင်စစ် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှောင်းပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အလုံးအရင်းဖြင့် နေရပ်စွန့်ခွာမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများမှ ရာပေါင်းများစွာသော နေရပ်စွန့်ခွာသူများသည် အကြမ်းဖက်သမားများ၏ အစီအစဉ်ကို မလိုက်နာခြင်းနှင့် နေရပ်ပြန်ရေးလုပ်ငန်းစဉ်ကို ထောက်ခံခြင်းတို့ကြောင့် သတ်ဖြတ်ခံနေရပြီး ယင်းသို့ အသက်အန္တရာယ် ခြိမ်းခြောက်မှုများကြောင့် ၎င်းတို့နေရပ်ပြန်ရေး လုပ်ငန်းစဉ်ဖြစ်မြောက်ရေးကို ထိခိုက်စေသည်။ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေများနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား သဘောတူလက်မှတ်ရေးထိုးထားသော အစီအမံများနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအဖြစ် စိစစ်အတည်ပြုပြီးသူများကို လက်ခံရန်အဆင်သင့်ရှိသည်။ စိစစ်ပြီး

နေရပ်စွန့်ခွာသူများကို ပြန်လည်ပို့ဆောင်ရန် နှစ်နိုင်ငံအကြား ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် ရာနှင့်ချီသော နေရပ်ပြန်လိုသည့် ဟိန္ဒူများအား ဆောလျင်စွာ နေရပ်ပြန်လာနိုင်ရေး အကူအညီပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြိမ်ကြိမ်မေတ္တာရပ်ခံလျက်ရှိသည်။ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းဆောင်ရွက်၍မရဘဲ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါကမျှ မရှိခဲ့သော "ရိုဟင်ဂျာ" ဆိုသည့် တီထွင်ထားသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း ဖော်ပြအပ်သည်။

ဆုံးဖြတ်ချက်အဆိုသည် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၂၃၀ ဦး ကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၆,၇၀၀ ကျော် သေဆုံးခဲ့ရသည်ကို ရှုတ်ချရန် ပျက်ကွက်ခဲ့သည်။ ယင်းဆုံးဖြတ်ချက် အဆိုတွင် အမုန်းပွားစေသောအချက်များနှင့် နိုင်ငံအတွင်းမတူညီသော အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲပြားမှုနှင့်တင်း မာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့်အချက်များ ပါဝင်သည်။

ဆုံးဖြတ်ချက်အဆိုပါ သိမ်းကျုံးစွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အချက်များကြောင့်လည်း ကောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သော ဆုံးဖြတ်ချက်အဆိုများအပေါ် အစဉ်တစိုက်ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုတစ်ခုလုံးအား လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှု မရှိကြောင်း ဖော်ပြအပ်သည်။ ဆုံးဖြတ်ချက်အဆိုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင် ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်**

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၃)**

- **(၇၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ၌ "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" မွတ်စလင် များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆို ကို သက်ဆိုင်ရာမြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိဘဲ ၁၅-၁၁-၂၀၂၃ ရက်တွင် အတည်ပြု ချမှတ်ခဲ့။**
- **မြန်မာနိုင်ငံအနေဖြင့် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါကမျှ မရှိခဲ့ သော "ရိုဟင်ဂျာ" ဆိုသည့် တီထွင်ထားသည့်အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း ဖော်ပြအပ်။**
- **ဆုံးဖြတ်ချက်အဆိုသည် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၂၃၀ ဦးကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၆,၇၀၀ ကျော် သေဆုံးခဲ့ရသည်ကို ရှုတ်ချရန် ပျက်ကွက်ခဲ့။**
- **ယင်းဆုံးဖြတ်ချက်အဆိုတွင် အမုန်းပွားစေသောအချက်များနှင့် နိုင်ငံအတွင်းမတူညီသော အသိုက်အဝန်းများ အကြား စိတ်ဝမ်းကွဲပြားမှုနှင့် တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့်အချက်များ ပါဝင်။**
- **ဆုံးဖြတ်ချက်အဆိုပါ သိမ်းကျုံးစွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အချက်များကြောင့် လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သော ဆုံးဖြတ်ချက်အဆိုများအပေါ် အစဉ်တစိုက် ဆန့်ကျင် သည့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကြောင့်လည်းကောင်း မြန်မာနိုင်ငံက ယင်းဆုံးဖြတ်ချက်အဆိုတစ်ခု လုံးအား လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်။**

# KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ ပညာရေးဆိုင်ရာအဆောက်အဦများအား တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအပေါ် ထုတ်ပြန်ကြေညာချက်

KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားခြင်းများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား ထိခိုက်မှုမရှိစေဘဲ အမြန်ဆုံးပြန်လွှတ်ပေးသွားရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်ကြေညာထားပါသည်။

## ထုတ်ပြန်ကြေညာချက်

၁။ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးအဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်စီးနင်းခဲ့သည်။

၂။ အကြမ်းဖက်အဖွဲ့များအနေဖြင့် တက္ကသိုလ်အတွင်းသို့ ရောက်ရှိစီးနင်းပြီးနောက် ပညာရေးဆိုင်ရာအဆောက်အဦများအား ဖျက်ဆီးခြင်းများပြုလုပ်ကာ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားရှိကြောင်း သိရှိရသဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်မီကယ်ထုတ်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ခဲ့ရသည်။

၃။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို လူသားဒိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ မလိုလားအပ်ဘဲ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသောကြောင့် အချို့ကိုသာ ပြန်လည်ကယ်ထုတ်နိုင်ခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူအချို့တို့သည် KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်။ ထို့ပြင် KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ဆရာ၊ ဆရာမအချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ထားရှိခဲ့ကြောင်း သိရှိရသည်။

၄။ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ ယခုလုပ်ရပ်သည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်ဘဲ နိုင်ငံအတွက် အရေးကြီးသည့် ပညာရေးဆိုင်ရာအဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အသက်အန္တရာယ်ဇုံမှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်၍ လူသားဒိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ အင်အားရာဂဏန်းမျှရှိသည့် တက္ကသိုလ်ကို ရည်ရွယ်ချက်ရှိစွာဖြင့် ဦးတည်တိုက်ခိုက်ခဲ့ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများကို ဖျက်ဆီးခြင်း၊ အကာအကွယ်ရယူ တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗန်းရှင်း (၄) ရပ်၏ ဘုံအာတီကယ်

(၃) နှင့် နောက်ဆက်တွဲစာချုပ် (၁) ၏ အာတီကယ် (၅၂) တို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး ၎င်းအခြေခံသဘောတရားများသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေသဘောလည်း သက်ဝင်လျက်ရှိပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတို့သည် စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် ဆရာ၊ ဆရာမများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအား ရှုတ်ချပြီး ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် ပညာသင်ကြားခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်အမှတ် ၂၆၀၁ (၂၀၂၁) အား တညီတညွတ်တည်း ချမှတ်ခဲ့ကြပြီးဖြစ်၍ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ ယခုလုပ်ရပ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ် ချက်အမှတ် ၂၆၀၁(၂၀၂၁) UN Security Council Resolution 2601(2021) – the protection of Education in armed conflict ကိုလည်း ချိုးဖောက်ရာရောက်ပါသည်။

၅။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ပုံဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနေသည့် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်ခြင်းပင်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်ပင်ဖြစ်ပါသည်။ အလားတူ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် နိုဝင်ဘာလ ၁၃ ရက်တွင် အဆိုပါတက္ကသိုလ်၌ စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ်စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထိခိုက်နစ်နာမှုများစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် စစ်ရေးနှင့်လုံးဝသက်ဆိုင်ခြင်းမရှိသည့် တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ထိခိုက်မှုမရှိစေဘဲ အမြန်ဆုံးပြန်လွှတ်ပေးသွားရန်လိုကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၃)**

- **အကြမ်းဖက်အဖွဲ့များအနေဖြင့် တက္ကသိုလ်အတွင်းသို့ သာလွန်အင်အားဖြင့် ဝင်ရောက်စီးနင်းပြီးနောက် ပညာရေးဆိုင်ရာအဆောက်အဦများအား ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည့်အပြင် ဆရာ၊ ဆရာမ အချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့။**
- **အကြမ်းဖက်အဖွဲ့များသည် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများကို ဖျက်ဆီးခြင်း၊ အကာအကွယ်ရယူ တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗန်းရှင်း (၄) ရပ်၏ ဘုံအာတီကယ် (၃) နှင့် နောက်ဆက်တွဲစာချုပ် (၁) ၏ အာတီကယ် (၅၂) တို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်။**
- **စစ်ရေးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည့် တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ထိခိုက်မှုမရှိစေဘဲ အမြန်ဆုံးပြန်လွှတ် ပေးသွားရန်လို။**

# ဘဏ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်များ




ယခုလတ်တလောကာလတွင် အများပြည်သူအကျိုးစီးပွားပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ဖြန့်ဝေလျက်ရှိရာ ထွက်ပေါ်နေသည့် ကောလာဟလများသည်မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားပါသည်။

- ဘဏ်များရှိ အပ်ငွေစာရင်းများမှငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲအသီးသီးတွင် Core Banking System စနစ်အရ အများပြည်သူအပ်နှံငွေစာရင်း အချက်အလက်များကို အဆင်ပြေချောမွေ့စွာသိရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ကြောင်း။

- မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါက ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့် အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့်ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

- အများပြည်သူအနေဖြင့် မိမိတို့အပ်နှံထားသည့် အပ်နှံငွေအမျိုးအစားအပေါ် မူတည်ပြီး ဘဏ်မှငွေထုတ်ယူရာတွင် ကွဲပြားမှုများရှိနိုင်ကြောင်း၊ Special Account ဖြစ်လျှင် မိမိငွေသားထည့်သွင်းခဲ့သည့် ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ကြောင်း၊ ငွေစုဘဏ်စာရင်း (Saving Account) ဖြစ်လျှင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူနိုင်ကြောင်းနှင့် စာရင်းသေအပ်ငွေ (Fixed Deposit) ဖြစ်လျှင် သက်တမ်းပြည့်မည့်ချိန်မှသာ ငွေထုတ်ယူနိုင်မည်ဖြစ်ကြောင်း။

- ဘဏ်အသီးသီးတွင် ငွေကြေးခဝါချမှုဗဟိုအဖွဲ့က သတ်မှတ်ထားသော ငွေကြေးကျပ်သန်း ၁၀၀ ထက်ကျော်လွန်၍ ထုတ်ယူသည့် ပမာဏအားလုံးကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) ထံပေးပို့ရကြောင်း၊ ယခုကာလတွင် ငွေထုတ်များသူတွေအားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ် ကြီးကြပ်စောင့်ကြည့်နေသည့်အတွက် စျေးကစားမှုများမှာ ပါဝင်ပတ်သက်မှုရှိလျှင် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း။

- ဘဏ်များတွင် ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင်မဆို မိမိ၏ ငွေပင်ဖြစ်ပြီး ၎င်းငွေများသည် ကိန်းဂဏန်းအတိအကျ၊ ပိုင်ရှင်အမည်အတိအကျနှင့်ရှိနေမည်ဖြစ်ကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တာဝန်ယူမှုဖြင့် အကာအကွယ်ပေးမှု အပြည့်အဝရရှိနေမည်ဖြစ်ကြောင်း။

- ဘဏ်များ၏ ပြင်ပတွင် ငွေသားများလိုသည်ထက် ပိုမိုရောက်ရှိ လည်ပတ်နေခြင်းအားဖြင့် အိမ်ခြံမြေဈေး၊ ရွှေဈေး၊ ငွေဈေးကစားသူတွေရဲ့ လှည့်ကွက်မှာ ပါဝင်ခဲ့ရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ပြီး ပြည်သူလူထုသာလျှင် အခက်အခဲဒုက္ခရောက်နိုင်ကာ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်မှာဖြစ်ကြောင်း။

- လုံခြုံမှုရှိပြီး လူအများသုံးစွဲနိုင်သည့် ATM များတွင် ငွေများ ဖြည့်တင်းပေးထားပြီး ငွေကြေးစနစ်ကိုထိန်းချုပ်ရာတွင်လည်း နိုင်ငံတကာနည်းတူ စည်းမျဉ်းစည်းကမ်း အတိုင်း အသေးသုံးငွေများကို ATM များမှာ သတ်မှတ်ပမာဏ အတိုင်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း။

- အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများ ဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားပါသည်။

လက်ရှိအခြေအနေတွင် ဘဏ်များ၌ ငွေသားများအလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲနိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၁၁-၂၀၂၃)**

- **မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါက ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့်အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်း ရှိမည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့်ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်။**

- **ဘဏ်များတွင် ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင်မဆို မိမိ၏ ငွေပင်ဖြစ်ပြီး ၎င်းငွေများသည် ကိန်းဂဏန်းအတိအကျ၊ ပိုင်ရှင်အမည်အတိအကျနှင့်ရှိနေမည်ဖြစ်ကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တာဝန်ယူမှုဖြင့် အကာအကွယ်ပေးမှုအပြည့်အဝရရှိနေမည်ဖြစ်။**

- **အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ။**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသစွမ်းအင် ကြီးကြပ်မှုဆိုင်ရာဖိုရမ်သို့ တက်ရောက်




လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၆ ရက်တွင် တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် ကွမ်တုံးပြည်နယ်၊ ရှန်းကျန်းမြို့ မြူနီစီပယ်အစိုးရတို့က ကြီးမှူးကျင်းပသော (၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ စွမ်းအင်ကြီးကြပ်မှုဆိုင်ရာဖိုရမ်သို့ တက်ရောက်ခဲ့ပါသည်။

- ဖိုရမ်တက်ရောက်ပြီးနောက် အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကျန်းကျင့်ဟွားနှင့် အဖွဲ့အား တွေ့ဆုံပြီး လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့။

- နိုဝင်ဘာလ ၁၇ ရက်တွင် ရှန်းကျန်းမြို့ Huawei Digital Power Edison Exhibition Hall နှင့် Optical Storage and Charging & Vehicle - Grid Interaction EV ကားများ အားသွင်းရာနေရာသို့လည်းကောင်း၊

- နိုဝင်ဘာလ ၁၈ ရက်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့ရှိ State Power Investment Corporation မှ တည်ဆောက်ထားသော တပ်ဆင်အား ၈၀၀ မဂ္ဂါဝပ်ရှိသည့် ဖူးရန်းရှီး (Fuyuanxi) လေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့လည်းကောင်း သွားရောက်လေ့လာခဲ့။

ခရီးစဉ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်အစိုးရပိုင် ကုမ္ပဏီများဖြစ်သည့် China Southern Power Grid ၊ Datang United Hydropower Development Co.,Ltd ၊ State Power Investment Corporation ၊ Yunnan Energy Investment Group & Yunnan Machinery and Equipment Import and Export Co.,Ltd နှင့် Huaneng Lancang River Hydropower Co.,Ltd တို့နှင့် သီးခြားစီတွေ့ဆုံ၍ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခရီးစဉ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်အစိုးရပိုင် ကုမ္ပဏီများနှင့် သီးခြားစီတွေ့ဆုံ၍ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ၂၀၂၃ ခုနှစ် ရပ်ဝန်းနှင့် ပိုးလမ်းမဘေးအန္တရာယ် လျှော့ချရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တက်ရောက်




၂၀၂၃ ခုနှစ် ရပ်ဝန်းနှင့်ပိုးလမ်းမဘေးအန္တရာယ် လျှော့ချရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The 2023 Belt and Road Ministerial Forum for International Co-operation in Disaster Risk Reduction and Emergency Management) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်၍ Online မှတစ်ဆင့် နိုဝင်ဘာလ ၁၆ ရက်တွင် ကျင်းပခဲ့ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ပါသည်-


- သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသည့် ရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိကကဏ္ဍများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဘက်ပေါင်းစုံအရေးပေါ်ကူညီကယ်ဆယ်ရေး စီမံချက်များရေးဆွဲခြင်းနှင့် အကောင်းဆုံးအလေ့အထများကို မျှဝေခြင်းများဖြင့် အထိရောက်ဆုံး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အရေးကြီးကြောင်း။
- အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ အလုံးစုံချဉ်းကပ်မှုကိုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်အလုပ်ရှင်များ၊ အလုပ်သမားများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူများ (stakeholders) အားလုံးနှင့် တက်တက်ကြွကြွ ထိတွေ့ဆက်ဆံသွားမည်ဖြစ်ပြီး ခိုင်မာသောဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာကြုံတွေ့လာနိုင်မည့် အန္တရာယ်များ လျှော့ပါးစေရေးအဆင့်မြင့်နည်းပညာများကို လက်ခံကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၇၉ နိုင်ငံတို့မှ သဘာဝဘေးအန္တရာယ်လျှော့ကျရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရေးပေါ်ကယ်ဆယ်ရေးတို့နှင့် သက်ဆိုင်သည့် တာဝန်ရှိဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၁၁-၂၀၂၃)**

- **အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ အလုံးစုံချဉ်းကပ်မှုကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။**

# “2nd Voice of Global South Summit (VOGSS 2.0)” သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Online ဖြင့် တက်ရောက်




ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် နိုဝင်ဘာလ ၁၇ ရက်တွင် အိန္ဒိယနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော “2nd Voice of Global South Summit (VOGSS 2.0)” Together for Everyone's Growthç With Everyone's Trust'' ထိပ်သီးဆွေးနွေးပွဲ၏ ဆက်စပ်အစည်းအဝေးဖြစ်သော ပညာရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ Online ဖြင့် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အဆိုပါအစည်းအဝေးကို “Making Human Resources Future Ready” ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာတွင်-

- လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြင့်မားရေးတို့သည် ပညာရေးတိုးတက်ပြောင်းလဲမှုအတွက် မရှိမဖြစ်လိုအပ်သည်မှာ ငြင်းဆို၍မရပါကြောင်း။
- နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များအကြား MoU ရေးထိုး၍ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာတော်သင်များလည်း စေလွှတ်လျက်ရှိကြောင်း။
- ယခုကျင်းပသော ထိပ်သီးအစည်းအဝေးမှရရှိသော အဖိုးတန်ဆွေးနွေးချက်များကို ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ရောက်ရှိနိုင်မည်ဟု အခိုင်အမာ ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများ၊ အတွေ့အကြုံများကို တင်ပြဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၃)**

- ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အိန္ဒိယနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော "2nd Voice of Global South Summit (VOGSS 2.0)" ထိပ်သီးဆွေးနွေးပွဲ၏ ဆက်စပ်အစည်းအဝေးဖြစ်သော ပညာရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ Online ဖြင့် တက်ရောက်ဆွေးနွေးခဲ့။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ဖိုရမ် (၂၀၂၃) သို့ တက်ရောက်




ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုလုပ်ငန်းအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်ဖိုရမ် (၂၀၂၃) (2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management - BRIDRREM) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြီးမှူး၍ နိုဝင်ဘာလ ၁၆ ရက်တွင် Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. LIU Guozhong က အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍-

- မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော နိုင်ငံဖြစ်သဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ်နှင့် နည်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း။
- ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးအတွက် ဆိုင်ကလုန်းဒဏ်ခံအဆောက်အဦများ တည်ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း တည်ထောင်ခြင်း၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) ကို ခိုင်မာအားကောင်းစေရန် အဆင့်မြှင့်တင်ခြင်း၊ ကြိုတင်သတိပေးစနစ်များ ပြည်သူလူထုထံ အမြန်ဆုံး ရောက်ရှိစေရန်

သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ နည်းလမ်းစုံဖြင့် ဖြန့်ဝေလျက်ရှိကြောင်း။

- မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့။

ဖိုရမ်သို့ တက်ရောက်သောနိုင်ငံများက 2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management (BRIDRREM) ၏ ပူးတွဲကြေညာချက် (Joint Statement) ကို အတည်ပြုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၃)**

- **ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးအတွက် ဆိုင်ကလုန်းဒဏ်ခံအဆောက်အဦများ တည်ဆောက်ခြင်း၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (EOC) ကို ခိုင်မာအားကောင်းစေရန် အဆင့်မြှင့်တင်ခြင်း၊ ကြိုတင်သတိပေးစနစ်များ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိစေရန် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ နည်းလမ်းစုံဖြင့် ဖြန့်ဝေလျက်ရှိ။**
- **မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်။**

## သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေ မွန်ဂိုလီးယားနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်



မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ သမ္မတနန်းတော်၌ သမ္မတ မစ္စတာခူရယ်လ်စုခ်အူခ်နာထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၁၁-၂၀၂၃)**

- **မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ် ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို မွန်ဂိုလီးယားနိုင်ငံသမ္မတထံသို့ ပေးအပ်ခဲ့ပြီးဖြစ်။**

# လတ်တလော တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့် တပ်မတော်မှဆောင်ရွက်နေမှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ Online လိမ်လည်မှုများ၊ ဘဏ်ကိစ္စများနှင့်ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများအား ထုတ်ပြန်ပြောကြားခဲ့ပါသည်။

- နိုဝင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်ရှိ အမှတ် (၂၉၀) ခြေလျင်တပ်ရင်း တာမိုးညဲ၊ ရှင်ခုတ်ထန်၊ နမ့်ခမ်း၊ ဟိုပန်၊ နမ့်စလပ်နှင့် လောက်ကိုင်အနီး ချင်းရွှေဟော်အထွက်တို့ရှိ စခန်းများကို MNDAA/ TNLA အဖွဲ့များက Drop Bomb များချခြင်း၊ ဝင်ရောက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများအနေဖြင့် နေရာတိုင်းတွင် အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားရကြောင်း။
- နမ့်ဖက်ကာတွင် MNDAA ၊ TNLA အကြမ်းဖက်အဖွဲ့များက ရပ်ကွက်ထဲသို့ စိန်ပြောင်းဖုံးသီးဖြင့် ပစ်ခတ်ခဲ့ရာ ပြည်သူလူထု ထိခိုက်ဒဏ်ရာရမှုရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အဓိက ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မန္တလေး-မူဆယ်လမ်းကြောင်းကို နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။
- နိုဝင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ ထရွန်အိုင်၊ နွန်းဘူးစခန်း၊ ဒုံးညိုရဲစခန်း၊ ပေါက်တောနယ်မြေရဲစခန်း၊ ကထိလရဲကင်းစခန်းနှင့် ကိုးတန်ကောက်စခန်းများကို AA အဖွဲ့က အင်အားအလုံးအရင်းဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကြံ့ကြံ့ခံခုခံမှုကြောင့် ရန်သူအကျအဆုံးများစွာဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း။
- နိုဝင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ ကယားပြည်နယ်၊ လွိုင်ကော်အကျဉ်းထောင်နှင့် တရားရုံး၊ ကရင်ပြည်နယ်ဘက်ရှိ ချောင်းနှစ်ခွရဲကင်းစခန်းတို့ကို အပြင်းအထန် မီးရှို့တိုက်ခိုက်ခြင်းများရှိခဲ့ပြီး မိုးဗြဲနှင့် ဒီမောဆိုဘက်တွင်လည်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း။
- မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် TNLA နှင့် PDF ပူးပေါင်း အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သော နေရာ ၁၂ နေရာစလုံးကို မိမိတို့အနေဖြင့် အားလုံးပြင်ဆင်

ပြီးဖြစ်ကာ နောက်ထပ်တိုးချဲ့ပြီး ပြင်ဆင်သွားမှာဖြစ်ကြောင်း။

- ကိုးကန့်ဒေသရှိ ယခုဖြစ်စဉ်များသည် အွန်လိုင်းလောင်းကစားနှင့် ဒီမိုကရေစီရရှိရေးကို အကြောင်းပြချက်ပေးခြင်းသာဖြစ်ပြီး အမှန်တကယ်တွင် ဖုန်ကြားရှင်နှင့် ရန်မိုးလျှန်တို့ကြား၊ မိသားစုနှစ်စုကြားက အာဏာလုပွဲများ၊ ယခင်က ကိုးကန့်ဒေသအုပ်ချုပ်ရေးမှာပါဝင်ခဲ့ဖူးသည့်၊ ခေါင်းဆောင်လုပ်ခဲ့ဖူးသည့် ဦးပယ်စောက်ချိန်တို့ အဖွဲ့နှင့် မိသားစုချင်း ရန်ငြိုးရန်စများသာဖြစ်ကြောင်း။

- MNDAA နှင့် ၎င်းတို့မဟာမိတ်များသည် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတွင် နယ်မြေမငြိမ်မသက် ဖြစ်အောင်လုပ်ရုံသာမက တရုတ်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့၏ အွန်လိုင်းလိမ်လည်မှုကို ချေမှုန်းရန် ခိုင်မာစွာသန္နိဋ္ဌာန်ချထားမှုကို လိမ္မာပါးနပ်စွာ အသုံးချသွားခြင်းပင်ဖြစ်ကြောင်း။

- အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၁၉ ရက်အထိ နယ်စပ်ဒေသများတွင် တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား (၉၃၅)ဦး၊ အမျိုး သမီး (၈၂) ဦး၊ စုစုပေါင်း(၁၀၁၇)ဦးကို ဥပဒေနှင့်အညီစစ်ဆေးပြီး တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့ကြောင်း။

- မိမိတို့အနေဖြင့် နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

- ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်နေသည့် KNPP ၊ PDF အကြမ်းဖက်အဖွဲ့များထံ ပို့ဆောင်မည့် လက်နက်ခဲယမ်းအမြောက်အမြားကို ပင်လုံမြို့၌ တရားခံများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း။

- ယခင်အပတ်ကစပြီး စက်သုံးဆီနှင့်ပတ်သက်သည့် ကောလာဟလများ ထုတ်လွှင့်ခဲ့သော်လည်း မိမိတို့ဘက်က စက်သုံးဆီနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ပြီးနောက်ပိုင်းတွင် ကောလာဟလများ ငြိမ်ကျသွားကြောင်း။

- ယခုထပ်မံ၍ ဘဏ်တွေမှာ ငွေရေးကြေးရေးလုံလောက်မှု မရှိ၊ ဘဏ်တွေမှာ ငွေထုတ်နေပြီ ဆိုသည့် ဝါဒဖြန့်မှုများဆောင်ရွက်နေကြောင်း၊ မိမိတို့အနေဖြင့် ငွေရေးကြေးရေးအလုံအလောက်ရှိကြောင်းကို အာမခံနိုင်ကြောင်း။

- ပြည်သူလူထုတစ်ဦးချင်းစီအနေဖြင့် နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုထားသော မည်သည့်ဘဏ်မှာမဆို အပ်ငွေအပ်နှံထားပါက ပိုင်ဆိုင်မှု၊ လွှဲပြောင်းမှု၊ ပြန်လည်ထုတ်ယူမှုများကို ခိုင်မာသည့်အာမခံချက်ရှိပြီးဖြစ်ကြောင်း။

အကြမ်းဖက်သမားများရန်မှ ကာကွယ်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အရာရှိ/စစ်သည်/ရဲမေများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းဆောင်ရွက်နေသည့် တာဝန်သိပြည်သူများ၏ လုပ်ဆောင်ချက်များကို နိုင်ငံတော်အကြီးအကဲအပါအဝင် တပ်မတော်အကြီးအကဲများအားလုံးက အသိအမှတ်ပြုကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း အကြမ်းဖက်လုပ်ရပ်များကို အမြစ်ပြတ်သည်အထိ ချေမှုန်းသွားနိုင်ရန် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီထောက်ပံ့အားပေးကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများအနေဖြင့် နေရာတိုင်းတွင် အကျအဆုံးများစွာဖြင့် ဆုတ်ခွာ သွားရ။**
- **မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် TNLA နှင့် PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သော နေရာ ၁၂ နေရာစလုံးကို မိမိတို့အနေဖြင့် အားလုံးပြင်ဆင်ပြီးဖြစ်။**

- အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၁၉ ရက်အထိ နယ်စပ်ဒေသများတွင် တရားမဝင်ဝင်ရောက်နေထိုင် သည့် တရုတ်နိုင်ငံသား (၁၀၁၇) ဦးကို ဥပဒေနှင့်အညီစိစစ်ဆေးပြီး တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့။
- ကယားပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် KNPP ၊ PDF အကြမ်းဖက်အဖွဲ့များ ထံ ပို့ဆောင်မည့် လက်နက်ခဲယမ်းအမြောက်အမြားကို ပင်လုံမြို့၌ တရားခံများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး ရမိခဲ့။
- ပြည်သူလူထုတစ်ဦးချင်းစီအနေဖြင့် နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုထားသော မည်သည့်ဘဏ်မှာမဆို အပ်ငွေအပ်နှံထားပါက ပိုင်ဆိုင်မှု၊ လွှဲပြောင်းမှု၊ ပြန်လည်ထုတ်ယူမှုများကို ခိုင်မာသည့်အာမခံချက်ရှိပြီးဖြစ်။

---

# KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်**

၁။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက် ပျက်စီးစေသည့်အတွက် လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်**

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် နိုဝင်ဘာလ ၁၄ ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ ပညာရေးဝန်ထမ်းများနှင့် လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ပြီး ပညာရေးဆိုင်ရာ အဆောက်အဦများ ထိခိုက်ပျက်စီးစေသည့် လုပ်ရပ်များအား လုပ်ဆောင်ခဲ့သည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာလ ၁၃ ရက်တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရှိရပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)၊ သနတ္တဓမ္မပါလက

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

E-mail: bmrdamm@gmail.com Web Site : www.bmrdamm.org

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၁၅.၁၁.၂၀၂၃)

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ(၁၃)ရက်နေ့တွင် လက်နက်ကြီး လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ အချို့အား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ ပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း**

**မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး**
**အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်**

လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ (၁၃)ရက်နေ့တွင် အကြမ်းဖက်သမားများက လက်နက်ကြီးလက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ပြီး ဆရာ၊ ဆရာမ အချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက် ဝင်ရောက်တိုက်ခိုက် စီးနင်းဖျက်ဆီးခြင်းကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာ ၁၃ ရက်တွင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရှိရပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများ၏ လူမဆန်သည့် ယုတ်မာတိုက်ခိုက်မှုဖြစ်ပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် ပညာရေးကဏ္ဍကို ပျက်စီးစေသည့် ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများဖြစ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

(၁၅.၁၁.၂၀၂၃)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်

ALL MYANMAR HINDU CENTRAL COUNCIL

No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏
သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်**

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစား မီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင် ဂျာမေဗလီနှင့်ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၃)**

- **KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ဘာသာရေး၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂၀) မှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်။**

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတာဝန်အား ပြောင်းလဲခန့်အပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမိန့်အမှတ်၊ (၁၀၁/၁၀၂)/၂၀၂၃ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ နိုဝင်ဘာလ ၁၅ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေအား တာဝန်မှရပ်စဲခဲ့ပြီး ဗိုလ်မှူးချုပ် ထွန်းထွန်းမြင့်အား ခေတ္တဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၃)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၀၁ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**တာဝန်မှရပ်စဲခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေအား တာဝန်မှရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၁၀၂ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်မှူးချုပ် ထွန်းထွန်းမြင့် အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ခေတ္တဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

- **နိုဝင်ဘာလ ၁၅ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေအား တာဝန်မှရပ်စဲခဲ့ပြီး ဗိုလ်မှူးချုပ် ထွန်းထွန်းမြင့်အား ခေတ္တဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခဲ့။**

## နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီများ ပုံမှန်ရောင်းချလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိရာ သက်ဆိုင်ရာသိုလှောင်ကန်များသို့ နိုဝင်ဘာလ ၁၄ ရက်တွင် စက်သုံးဆီတင်သင်္ဘော ၃ စင်းမှ စက်သုံးဆီများအား ချယူဖြည့်တင်းလျက်ရှိပြီး ထပ်မံ၍ ဆီချယူဖြည့်တင်းရန် ဆိပ်ကမ်း၌ စောင့်ဆိုင်းနေသည့် စက်သုံးဆီတင်သင်္ဘော ၂ စင်း ရှိသည့်အပြင် ထပ်မံဝင်ရောက်လာမည့် စက်သုံးဆီတင်သင်္ဘောများလည်းရှိပါသည်။

- နိုဝင်ဘာလ ၁၅ ရက်တွင် နိုင်ငံတစ်ဝှမ်းရှိ စက်သုံးဆီအရောင်းဆိုင် ၂,၁၇၈ ဆိုင်သို့ ဆီသယ်ယာဉ် ၉၂၈ စီးဖြင့် 92 Ron ဆယ့်နှစ်သိန်းကျော်၊ 95 Ron နှစ်သိန်းငါးသောင်းကျော်၊ ဒီဇယ်ဆီ ခုနစ်သိန်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဆယ်သိန်းကျော်အားလည်းကောင်း နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိ။







**ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိလာမှု**

- နိုဝင်ဘာလ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ဆီသယ်ယာဉ် (Bowser) ၁,၆၀၂ စီးဖြင့် 92 Ron ဂါလန် ဆယ့်လေးသိန်းကျော်၊ 95 Ron ဂါလန် သုံးသိန်းခြောက်သောင်းကျော်၊ ဒီဇယ်ဆီဂါလန် ဆယ့်တစ်သိန်းငါးသောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဆယ့်ငါးသိန်းလေးသောင်းကျော် ဖြည့်တင်းပေးနိုင်ခဲ့။

- စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီရောင်းချနေမှုများကို စစ်ဆေးခြင်း၊ စက်သုံးဆီလာရောက်ဝယ်ယူသူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များအား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့။

နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက်ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အခြေအနေအတိုင်းဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လိုအပ်သောစက်သုံးဆီများကို လိုအပ်သလိုဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၁၁-၂၀၂၃)**

- **ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် 92 Ron ၊ 95 Ron ၊ ဒီဇယ်ဆီနှင့် ပရီမီယမ်ဒီဇယ်ဆီများကို လုံလောက်စွာ ဖြည့်တင်းပေးထားနိုင်ပြီဖြစ်သောကြောင့် ယခင်ကဲ့သို့ ပုံမှန်အတိုင်း စက်သုံးဆီများကို လိုအပ်သလိုဝယ်ယူနိုင်ပြီဖြစ်။**

## နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ စက်သုံးဆီများ ပုံမှန်ရောင်းချလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



မော်လမြိုင်




မကွေး




ရန်ကုန်




ကျောက်ပန်းတောင်း




ပဲခူး

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် (တောင်ပိုင်း)တို့တွင် Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ၌ ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိ

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသမားများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများကို တရားမဝင်ပို့ဆောင်ပြီး Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ-

- နိုဝင်ဘာလ ၅ ရက်နှင့် ၉ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရောင်တခင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ တရားမဝင် တရုတ်နိုင်ငံသား ကျား ၂၄၃ ဦးနှင့် မ ၃ ဦး၊ မလေးရှားနိုင်ငံသား ကျား ၂ ဦး၊ မြန်မာနိုင်ငံသား ကျား ၃ ဦး၊ မ ၅ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့။
- မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ တာကြန့်အုပ်စု၊ တာကြန့်ကျေးရွာအနီး ဟိုခိုလမ်းခွဲ၌ စစ်ဆေးဆောင်ရွက်နေစဉ် မိုင်းယုမြို့ဘက်မှ မိုင်းယောင်းမြို့ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ် ၂ စီးအား စစ်ဆေးရာ တရားမဝင် တရုတ်နိုင်ငံသား ကျား ၁ ဦးနှင့် မ ၁ ဦး၊ ပေါင်း ၂ ဦးကို ဖမ်းဆီးရမိခဲ့။
- ဖမ်းဆီးရမိသူများအား စစ်ဆေးချက်အရ ဆိုင်ကယ်မောင်းနှင်သူ ကိုမင်း၏ နေအိမ်အား ရှာဖွေစစ်ဆေးခဲ့ရာ တရားမဝင် တရုတ်နိုင်ငံသား ကျား ၈ ဦးနှင့် မြန်မာနိုင်ငံသား ကျား ၅ ဦး၊ ပေါင်း ၁၃ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့။
- တာချီလိတ်မြို့နယ်၊ ဝမ်ပုံ-စံဖူးသွား ကားလမ်းတစ်လျှောက် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ စံဖူးကျေးရွာအနီး လယ်ကွင်းနေရာ၌ တရားမဝင် တရုတ်နိုင်ငံသား ကျား ၆ ဦးနှင့် မ ၁ ဦး၊ ဗီယက်နမ်နိုင်ငံသား မ ၁ ဦး၊ ပေါင်း ၈ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့။
- နိုဝင်ဘာလ ၈ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကလောမြို့ဝင်တိုးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် တရားမဝင် တရုတ်နိုင်ငံသား ကျား ၇ ဦးကို ဖမ်းဆီးရမိခဲ့။

ဖမ်းဆီးရမိသူများအား ကနဦးစစ်ဆေးချက်အရ ၎င်းတို့သည် မြန်မာနိုင်ငံအတွင်း ၌ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်ရန်အတွက် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးနေကြောင်း သိရှိရသဖြင့် ကျေးရွာများသို့ သွားရောက်၍ ခေတ္တပုန်းခိုနေထိုင်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ Online ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်လျက်ရှိသည့် ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား ၂၇၀ ဦး၊ မလေးရှားနိုင်ငံသား ၂ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၃ ဦး၊ စုစုပေါင်း ၂၈၆ ဦးတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း Online ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်သူများအား သိရှိရပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၅ ရက်၊ ၈ ရက် နှင့် ၉ ရက်တို့၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် (တောင်ပိုင်း) တို့တွင် Online ငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်လျက်ရှိသည့် တရုတ်နိုင်ငံသား ၂၇၀ ဦး၊ မလေးရှားနိုင်ငံသား ၂ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၃ ဦး၊ စုစုပေါင်း ၂၈၆ ဦးအား ဖမ်းဆီးရမိခဲ့။**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်



နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ ဦး၊ စုစုပေါင်း ၁,၀၁၇ ဦးကို ဖော်ထုတ်ရရှိခဲ့ပါသည်။ အဆိုပါတရုတ်နိုင်ငံသားများအား ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၁၁-၂၀၂၃)**

- **နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၃၅ ဦး၊ အမျိုးသမီး ၈၂ ဦး၊ စုစုပေါင်း ၁,၀၁၇ ဦးကို ဖော်ထုတ်ရရှိခဲ့။**
- **အဆိုပါတရုတ်နိုင်ငံသားများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့။**

# PDF အကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ Drop ဗုံးများပစ်ချတိုက်ခိုက်




နိုဝင်ဘာလ ၁၄ ရက်တွင် PDF အကြမ်းဖက်သမားများက မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့အတွင်းသို့ မြို့၏အနောက်တောင်ဘက်နှင့် အရှေ့ဘက်တို့မှနေ၍ လက်လုပ်စိန်ပြောင်းများ၊ Drone များအသုံးပြု၍ Drop Bomb များဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝန်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းတွင်သင်ကြားရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းဆရာမ ၂ ဦးနှင့် အသက် ၁၁ နှစ်နှင့် ၁၂ နှစ် အရွယ် ကျောင်းသူ ၂ ဦး စုစုပေါင်း ၄ ဦး ဗုံးသီးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ကျောင်းဆောင် ၁ ဆောင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၏ အမိုးသွပ်များ၊ မျက်နှာကြက်များ ပျက်စီးခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကိုလိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့အရပ်သားပြည်သူများ သွားလာရာလမ်းတံတားများ၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိပါသည်။

အဆိုပါထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၁၁-၂၀၂၃)**

- **PDF အကြမ်းဖက်သမားများက မြိုင်မြို့ပေါ်ရပ်ကွက်များအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ Drop ဗုံးများ ပစ်ချ တိုက်ခိုက်မှုကြောင့် စာသင်ကျောင်းဝန်းအတွင်း ကျရောက်ပေါက်ကွဲပြီး ဆရာမ ၂ ဦးနှင့် ကျောင်းသူ ၂ ဦး ထိခိုက် ဒဏ်ရာရရှိကာ ကျောင်းဆောင် ၁ ဆောင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၏ အမိုးသွပ်များ၊ မျက်နှာကြက်များ ပျက်စီးခဲ့။**

## ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရုတ်နိုင်ငံသား ၄ ဦးအနက် ၃ ဦးကို ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွှဲပြောင်း

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဥပဒေအရ အရေးယူနိုင်ရန် ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရုတ်နိုင်ငံသား ၄ ဦးအနက် Ming Xuechang (မြီရှောက်ချန်း)၊ Ming Guoping (မြီကော်ဖျင်း) (ခ) Ming Xiaoping (မြီရှောက်ဖျင်း) နှင့် Ming Zhenzhen (မြီကျိန်းကျိန်း) တို့ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၌ ဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းတို့အား ဖမ်းဆီးစဉ် Ming Xuechang (မြီရှောက်ချန်း) သည် ၎င်းတရားမဝင် ကိုင်ဆောင်ထားရှိသည့် ပစ္စတိုသေနတ်ဖြင့် မိမိကိုယ်ကို ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ပါသည်။

အထက်ပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် နိုဝင်ဘာလ ၁၆ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ရဲတပ်ဖွဲ့သို့ မြန်မာ-တရုတ်နယ်စပ်ရှိရန် လုံကျိုင်းနယ်စပ်ဂိတ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရှိရပြီး Ming Xuechang (မြီရှောက်ချန်း) ၏ ရုပ်အလောင်းအား တရုတ်နိုင်ငံဘက်သို့ ယူဆောင်သွားခြင်းမရှိဘဲ လိုအပ်သည့် စစ်ဆေးအတည်ပြုမှုများ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝှမ်း Online လိမ်လည်မှုများ၊ လူကိုသွေးဆောင်ဖျားယောင်းမှုများ၊ လူပြန်ပေးဆွဲမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်ခြင်းများ ပပျောက်စေရေး၊ ပါဝင်ပတ်သက်မှုများ မရှိစေရေးတို့အတွက် သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၁၁-၂၀၂၃)**

| Ming Xuechang (မြီရှောက်ချန်း) | Ming Guoping(မြီကော်ဖျင်း)(ခ) Ming Xiaoping (မြီရှောက်ဖျင်း) | Ming Zhenzhen (မြီကျိန်းကျိန်း) |
|---|---|---|

- ဥပဒေအရအရေးယူနိုင်ရန် ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရုတ်နိုင်ငံသား ၄ ဦးအနက် ၃ ဦးကို လောက်ကိုင်မြို့၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အနက် ၁ ဦးသည် ၎င်း၏ တရားမဝင်ကိုင်ဆောင်ထားရှိသည့် ပစ္စတိုသေနတ်ဖြင့် မိမိကိုယ်ကို ပစ်ခတ်ခဲ့ရာ သေဆုံးခဲ့။
- ဖမ်းဆီးရမိသူများအား တရားဥပဒေအရအရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ရဲတပ်ဖွဲ့သို့ မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်းနယ်စပ်ဂိတ်၌ လွှဲပြောင်းပေးအပ်ခဲ့။

## ကယားပြည်နယ်အတွင်းရှိ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများပို့ဆောင်မည့် တရားခံများအား ဖမ်းဆီးရမိ



KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့်ချိတ်ဆက်ကာ လက်နက်၊ ခဲယမ်းများဝယ်ယူ၍ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုးဖြင့် အနိုင်ကျင့်နှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိပြီး နိုဝင်ဘာလ ၁၆ ရက်တွင် ကယားပြည်နယ်အတွင်းရှိ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများထံသို့ လက်နက်၊ ခဲယမ်းများ သယ်ယူပို့ဆောင်ပေးနေသော ပင်လုံမြို့၊ ပန်မုန့်အုပ်စု၊ လွယ်တပ်ကျေးရွာ၊ New Power စက်သုံးဆီဆိုင်ပိုင်ရှင် တရားခံ ခွန်သောင်းထွန်းအား ဖမ်းဆီးရမိခဲ့ပါသည်။

- ဖမ်းဆီးရမိတရားခံ ခွန်သောင်းထွန်း၏ ထွက်ဆိုချက်အရ ပင်လုံမြို့၊ ပန်မုန့်ကျေးရွာနေ ပေတူး(ခ)မာရီယာနို၏ နေအိမ်ခြံဝင်းအတွင်းရှိ ဂိုထောင်အဆောက်အဦ၌ တရားခံ ခွန်အောင်မင်း၊ ခွန်နေမျိုး၊ ကျော်ဇင်ထွန်း၊ ခွန်အောင်ကျော်မြင့်နှင့် ခွန်အောင်ကျော်တို့ ၅ ဦးတို့အား RPG ဒုံးပစ်လောင်ချာ ၁၂ လက်၊ တရုတ်စက်လတ် ၉ လက်၊ Type-81 မောင်းပြန်ရိုင်ဖယ် ၁၀၉ လက်၊ စုစုပေါင်းလက်နက်မျိုးစုံ

၁၃၀ လက်၊ RPG ဒုံးသီး ၁၀၆ လုံး၊ အီနာဂါဗုံးသီး ၆,၁၀၀ လုံး၊ တရုတ်ကြိုးဆွဲလက်ပစ်ဗုံး ၁,၄၂၆ လုံး၊ စုစုပေါင်းဗုံးသီးမျိုးစုံ ၇,၆၃၂ လုံး၊ ၇.၆၂ ကျည် ၁၃,၆၇၀ တောင့်၊ ၁၀၇ မမ စနက်အုံ ၁၀၀ ခု၊ လက်နက်ငယ်ပြောင်း အပို ၅၀၀ ချောင်း၊ ကျည်အိမ်မျိုးစုံ ၁,၈၂၉ ခု၊ TNT ယမ်း ၉၅၀ ကီလိုဂရမ်၊ အမိုနီယမ်နိုက်ထရိတ် ၂၀၀ ကီလိုဂရမ်၊ Equipment ၂,၀၀၀ စုံ၊ Canter အမျိုးအစား (လိုင်စင်မဲ့) (၆) ဘီးယာဉ် ၃ စီး၊ Ford အမျိုးအစား (လိုင်စင်မဲ့) မော်တော်ယာဉ် ၁ စီးနှင့် Vigo အမျိုးအစား (လိုင်စင်မဲ့) မော်တော်ယာဉ် ၁ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။

- ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ နိုဝင်ဘာလ ၁၇ ရက်တွင် ကယားပြည်နယ်ဘက်သို့ လက်နက်၊ ခဲယမ်းများ အဓိကပို့ဆောင်ပေးနေသည့် ထွက်ပြေးတိမ်းရှောင်နေသူ တရားခံ ပေတူး(ခ)မာရီယာနိုအား ထပ်မံဖမ်းဆီးရမိခဲ့။

- ဖမ်းဆီးရမိတရားခံ ခွန်သောင်းထွန်းနှင့် ပေတူး(ခ)မာရီယာနိုတို့၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိလက်နက်၊ ခဲယမ်းများအား ပင်လုံမြို့နယ်၊ ကုန်းကျောင်းကျေးရွာသို့ လာရောက်ပို့ဆောင်သည့် SSPP/SSA ယူနီဖောင်းဝတ်ဆင်ထားသူ ၁၀ ဦးထံမှ ၄ ကြိမ် ခွဲ၍ သွားရောက်သယ်ယူခဲ့ပြီး နေအိမ်ခြံဝင်းအတွင်းရှိ ဂိုထောင်အဆောက်အဦတွင် စုစည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်နက်၊ ခဲယမ်းများအား Canter အမျိုးအစား (၆) ဘီးယာဉ်တို့ဖြင့် ကယားပြည်နယ်ဘက်သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်း သယ်ဆောင်ရောင်းဝယ်မှုများ၊ ၎င်းတို့ ပုန်းခိုရာနေရာများနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ထိုက်တန်စွာ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(မြဝတီသတင်းစာ ၁၈-၁၁-၂၀၂၃)**

- **ကယားပြည်နယ်အတွင်းရှိ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများထံသို့ ပို့ဆောင်မည့် လက်နက်မျိုးစုံ စုစုပေါင်း ၁၃၀ လက်၊ ဗုံးသီးမျိုးစုံစုစုပေါင်း ၇,၆၃၂ လုံး၊ ကျည်အိမ်မျိုးစုံ ၁,၈၂၉ ခု၊ TNT ယမ်း ၉၅၀ ကီလိုဂရမ်၊ အမိုနီယမ်နိုက်ထရိတ် ၂၀၀ ကီလိုဂရမ်၊ Equipment ၂,၀၀၀ စုံ၊ Canter အမျိုးအစား (၆) ဘီးယာဉ် ၃ စီး၊ Ford အမျိုးအစား မော်တော်ယာဉ် ၁ စီးနှင့် Vigo အမျိုးအစား မော်တော်ယာဉ် ၁ စီးတို့နှင့်အတူ တရားခံ ၇ ဦး ဖမ်းဆီးရမိခဲ့။**

- **တရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိလက်နက်၊ ခဲယမ်းများအား SSPP/SSA ယူနီဖောင်းဝတ်ဆင်ထားသူ ၁၀ ဦးထံမှ ၄ ကြိမ်ခွဲ၍ သွားရောက်သယ်ယူခဲ့ပြီး ဂိုထောင်အဆောက်အဦတွင် စုစည်းထားခြင်းဖြစ်၊ အဆိုပါ လက်နက်၊ ခဲယမ်းများအား Canter အမျိုးအစား (၆) ဘီးယာဉ်တို့ဖြင့် ကယားပြည်နယ်ဘက်သို့ ဆက်လက်ပို့ဆောင်ရန်စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်။**

**ကယားပြည်နယ်အတွင်းရှိ KNPP အဖွဲ့နှင့် PDF အကြမ်းဖက်သမားများထံသို့ ပို့ဆောင်မည့်လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**





